ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လူထုဗဟိုပြုစီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်

# National Community Driven Development Project

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇ -၂၀၁၈)




ချယ်ရီကုန်းကျေးရွာ

လိုပူအုပ်စု

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | ဒီးမော့ဆိုမြို့ နယ်မြေပုံ | ၁ | |
| ၂။ | ကျေးရွာအုပ်စုမြေပုံ | ၂ | |
| ၃။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်းနှင့်လူဦးရေစာရင်း | ၃ | |
| ၄။ | ကျေးရွာမြေပုံတည်နေရာ | ၄ | |
| ၅။ | ကျေးရွာမြေပုံသုံးသပ်ချက် | ၅ | |
| ၆။ | ကျေးရွာသမိုင်းကြောင်းအကျဉ်းချုပ် | ၆ | |
| ၇။ | ကျေးရွာအတွင်းရှိဉစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၇ | |
| ၈။ | ကျေးရွာအတွင်းရှိဉစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း ၏ သုံးသပ်ချက် | ၈ | |
| ၉။ | ကျေးရွာအတွင်းရှိ ကျား၊ မ ဆိုင်ရာပင့်ကူအိမ်ဖော်ထုတ်ခြင်း | ၉ | |
| ၁၀။ | ကျေးရွာအတွင်းရှိ ကျား၊ မ ဆိုင်ရာပင့်ကူအိမ်ဖော်ထုတ်ခြင်း ၏ သုံးသပ်ချက် | ၁၀ | |
| ၁၁။ | ကျေးရွာအတွင်းရှိ အဖွဲ့ အစည်းဆိုင်ရာချိတ်ဆက်မှု ဖေါ်ထုတ်ခြင်း | ၁၁ | |
| ၁၂။ | ကျေးရွာအတွင်းရှိ အဖွဲ့ အစည်းဆိုင်ရာချိတ်ဆက်မှု ဖေါ်ထုတ်ခြင်း ၏ သုံးသပ်ချက် | ၁၂ | |
| ၁၃။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကို ဖေါ်ထုတ်ခြင်း | ၁၃ | |
| ၁၄။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကို ဖေါ်ထုတ်ခြင်း ၏ သုံးသပ်ချက် | ၁၄ | |
| ၁၅။ | ကျေးရွာအတွင်းရှိ ကော်မတီဝင်များစာရင်း နှင့် ဓါတ်ပုံ | ၁၅ | ၁၆ |
| ၁၆။ | ကျေးရွာဖွံ့ ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၁၇ | ၁၈ |
| ၁၇။ | ကျေးရွာအချက်အလက် ပုံစံ(၁) | ၁၉ | ၂၁ |
| ၁၈။ | စီမံကိန်းစက်ဝန်းအချိန်ဇယား ပုံစံ(၂) | ၂၂ | ၂၃ |
| ၁၉။ | ကျေးရွာဖွံ့ ဖြိုးရေး ဦးစားပေးအစီအစဉ် ပုံစံ(၃) | ၂၄ | ၂၅ |
| ၂၀။ | နောက်ဆက်တွဲ(၄)၊ခြားနားသောအပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် | ၂၆ | ၂၇ |
| ၂၁။ | ကျေးရွာအစည်းအဆဝေးမှတ်တမ်း | ၂၈ | ၂၉ |
| ၂၂။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၃၀ | ၃၁ |

# ဒီးမော့ဆိုမြို့နယ်အညွှန်းပြမြေပုံ



# လိုပုကျေးရွာအုပ်စု မြေပုံ




## လိုပူအုပ်စု လူဦးရေနှင့် အိမ်ထောင်စုအရေအတွက်များ

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | အိမ်ထောင်စုအရေ အတွက် | လူဦးရေ | | |
|---|---|---|---|---|---|---|
| | | | | ကျား | မ | စုစုပေါင်း |
| ၁. | ခေါင်းစောင်း | ၁၃ | ၁၃ | ၄၁ | ၂၉ | ၇၀ |
| ၂. | နာယောင်လာ | ၁၃၂ | ၁၃၂ | ၃၃၉ | ၃၄၈ | ၆၈၇ |
| ၃. | ဒေါ်ဆီးအီ | ၁၁၆ | ၁၁၆ | ၃၇၅ | ၃၇၇ | ၇၅၂ |
| ၄. | ချယ်ရီကုန်း | ၁၁ | ၁၁ | ၁၈ | ၂၀ | ၃၈ |

# လူမှုရေးမြေမြေပုံဇယား

ရက်စွဲ - ၁၇.၁၀.၂၀၁၇

တွေ့ဆုံဆွေးနွေးသူဦးရေ - ကျား - ၃၃ ဦး
မ - ၂၆ ဦး



<u>**ဒေါ်ဆီးအီကျေးရွာ နှင့် ချယ်ရီကုန်းကျေးရွာ၏ မြေပုံသုံးသပ်ချက်**</u>

ရက်စွဲ။ ၁၇.၁၀.၂၀၁၇

ဒေါ်ဆီးအီကျေးရွာ နှင့် ချယ်ရီကုန်းကျေးရွာတို့ သည် ဒီးမော့ဆိုမြို့နယ်၊ လိုပူ ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများ ဖြစ်ကြပြီ ချယ်ရီကုန်းကျေးရွာသည် ဒီးမော့ဆို-တောင်ငူကားလမ်းမကြီး ဘေးတွင်တည်ရှိပြီး ဒေါ်ဆီးအီကျေးရွာသည် ချယ်ရီကုန်း ကျေးရွာ အရှေ့တွင် လမ်းခွဲကာ (၄) မိုင်ခန့်ဝင်လျှင် ဒေါ်ဆီးအီကျေးရွာ တည်ရှိပါသည်။ တစ်ရွာ နှင့် တစ်ရွာဆက်သွယ်ထားသောလမ်းအခြေအနေမှာ ကတ္တရာလမ်းဖြစ်သည်။ ချယ်ရီကုန်းကျေးရွာတွင်အိမ်ခြေ (၈) အိမ်ခန့်သာရှိပြီး ဒေါ်ဆီးအီကျေးရွာတွင် အိမ်ခြေ (၁၁၆) ရှိပါသည်။ ချယ်ရီကုန်းကျေးရွာ သည် ဗုဒ္ဓဘာသာကိုယုံကြည်ကြပြီး ဒေါ်ဆီးအီကျေးရွာသည် ခရစ်ယာန်(RC) ဘာကိုသက်ဝင်ယုံကြည်သောကျေးရွာဖြစ်သည်။

ဒေါ်ဆီးအီကျေးရွာတွင်းအခြေခံအဆောက်အအုံတို့မှာ ဘာသာရေးပိုင်းတွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်း ခရစ်ယာန်ဓမ္မာရုံတစ်ဆောင်၊ ခရစ်ယာန်ဘုန်းတော်ကြီးကျောင်း နှင့် သီလရှင်ကျောင်း၊ ပညာရေးကဏ္ဍတွင် အခြေခံမူလတန်းကျောင်းတစ်ကျောင်း တို့ တည်ရှိပါသည်။ ကျန်းမာရေး ကဏ္ဍတွင် အုပ်စုဆေးပေးခန်းတစ်ခန်းရှိလည်းရှိပါသည်။ ကျေးရွာတွင်း မိုးရေလှောင်ကန် ခုနှစ်လုံးခန့်ရှိပါသည်။ ရွာလည်ရှိရေကန်မှာ မိုးတွင်းကာလတောင်ကျရေတို့ကိုခံယူပြီးကျွဲနွားများသောက်သုံးရန်အတွက်အသုံးပြုကြသည်။ ချယ်ရီကုန်းကျေးရွာတွင် မိုးရေလှောင်ကန် နှစ်ကန်ရှိသည်။

အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းအနေဖြင့် တောင်ယာ၊ လယ် လုပ်ငန်း တို့ကိုသာလုပ်ကိုင်ကြသည်။ ကျေးရွာ၏အောက်တွင်လယ်ကွင်းများရှိသည်။ လမ်းပန်းဆက်သွယ်မှု အနေအထားမှာ ဒေါ်ဆီးအီကျေးရွာ၏ ရွာလယ်လမ်းမှာ ကျောက် ချောလမ်းဖြစ်ပြီး ကျန်ရွာကြားလမ်း များမှာ ကျောက်ကြမ်းလမ်းအ ချို့နှင့် မြေသားလမ်းများဖြစ်ကြသည်။ ထို့ ကြောင့် မိုးတွင်းကာလတွင်၄င်းကျေးရွာတွင်း ဦသွားလာရခက်ခဲသော အခြေအနေတွင် ရှိသည်။

**ပါဝင်ဆွေးနွေးသူ**

ကျား=၃၃ ဦး / မ=၂၆ ဦး

**ပံ့ပိုးကူညီသူ**

ဦးစိုးနေလင်း (လူထုစည်းရုံးရေးမှူး)

## ဒေါ်ဆီးအီကျေးရွာ နှင့် ချယ်ရီကုန်းကျေးရွာတို့ ၏ သမိုင်းအကျဉ်း

ဒေါ်ဆီးအီကျေးရွာသည် လိုပူ (ကျောက်ပေါက်) တောင်ပေါ်ရွာဟောင်းမှ ၁၉၂၀ ခုနှစ်တွင် (ဦးစီး) အမည်ရှိသော မိသားစုတစ်စုမှ ယခုဒေါ်ဆီးအီတွင် ရွာစတင်တည်ထောင်ခဲ့ပါသည်။ ၁၉၂၀-၁၉၃၀ ခုနှစ် အတွင်းတွင် အိမ်ခြေ(၁၅)အိမ်အထိတိုးလာခဲ့ပြီး ခဲဂဲလာရွာ၊ သမလော့ ကျေးရွာတို့မှ ပြောင်းရွှေ့နေထိုင်လာကြသည်။ ထိုအချိန်က ကိုးကွယ်ယုံကြည်မှုတွင် တံခွန်တိုင်ကိုသာကိုးကွယ်ယုံကြည်ကြသည်။ သောက်သုံးရေးကို ၄င်းတို့ကျေးရွာမှ (၃) မိုင်ခန့်ဝေးသော ရေထွက်ပေါက်ရှိရာသို့ သွားရောက်ခပ်ယူကြရသည်။ ၁၉၄၀-၁၉၅၀ ခုနှစ် တွင်အိမ်ခြေ (၄၀) အထိတိုးတက်လာခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ကျေးရွာတွင်းပဋိပက္ခဖြစ်ပွားပြီး ဖဆပလ နှင့် KNU အဖွဲ့ဟူ၍ကွဲသွားခဲ့သည်။ ထိုအချိန်က အိမ်ခြေ(၁၅) အိမ်က ပီကင်းကျေးရွာသို့၄င်း၊ ကရင်ပြည်နယ်သို့၄င်း ပြောင်းရွှေ့သွားခဲ့ကြသည်။

၁၉၆၁ ခုနှစ်တွင် အိမ်ခြေ(၄၅)တိုးတက်လာခဲ့ပြီး ကက်သလစ်ဘာသာကို အိမ်ခြေတစ်ဝက်ခန့်ကလက်ခံယုံကြည်လာခဲ့ကြသည်။ ၁၉၈၈ ခုနှစ်အရောက်တွင် အိမ်ခြေ(၆၈) ထပ်မံတိုးလာပြီး ထိုနှစ်၌ပင် မိုးခေါင်ရေရှားခြင်းနှင့်ကြုံတွေ့ကြရသောကြောင့် ယိုးဒယားနိုင်ငံသို့နွားမှောင်ခိုရောင်းသော လုပ်ငန်းကို လုပ်ကိုင်ကာစားဝတ်နေရေးကို ဖြေရှင်းခဲ့ကြသည်။ ၁၉၉၀ ခုနှစ်တွင် အစိုးရမူလတန်းကျောင်း စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၀၀ ခုနှစ်အရောက်တွင် (၁၁၆) အိမ်ရှိလာပြီး ကက်သလစ်ဘာသာသို့တစ်ရွာလုံးသက်ဝင်ယုံကြည်လာခဲ့ကြသည်။ ၂၀၀၇ ခုနှစ်တွင် လိုပူတိုက်နယ်အဖြစ်ခွဲထွက်ခွင့်ရရှိခဲ့သည်။

ချယ်ရီကုန်းကျေးရွာသည် လွန်ခဲ့သည့်နှစ်ပေါင်း (၂၀)ခန့်က လိုပူနာယောင်လာ နှင့် ဒေါ်ဆီးအီကျေးရွာတို့မှ အိမ်ခြေ(၇)အိမ်ဖြင့်စတင်ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ကယန်းလူမျိုး ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်ကြသောရွာဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင်း ကျေးရွာတွင်း အိမ် ၂ အိမ် မီလောင်ဆုံးရှုံးမှုကိုကြုံတွေ့ခဲ့ရသည်။ ယခုအချိန်တွင် ချယ်ရီကုန်းကျေးရွာသည် စီးပွားရေးအရပိုမိုအခွင့်အလမ်းများရှိသောကြောင့် အိမ်ထောင်စုအချို့ထပ်မံပြောင်းရွှေ့နေထိုင်လာခဲ့ကြပါသည်။

**ပါဝင်ဆွေးနွေးသူ** | **ပံ့ပိုးကူညီသူ**

ကျား=၃၃ ဦး / မ=၂၆ ဦး | ဦးစိုးနေလင်း (လူထုစည်းရုံးရေးမှူး)

# ဥစ္စာဓနကြွယ်ဝမှု အဆင့် သတ်မှတ်ခြင်း

ကျေးရွာ - ဒေါ်သီးအိ နှင့် မြယ်ဒီကုန်းကျေးရွာ

ရက်စွဲ - ၁၇.၁၀.၂၀၁၇

ဆွေးနွေးသူဦးရေ ကျ - ၃၃ ဦး
မ - ၂၆ ဦး

| အဆင့် | ပိုင်ဆိုင်မှုစံ သတ်မှတ်ချက် | အိမ်ခြေ | ရာခိုင်နှုန်း |
|---|---|---|---|
| က | တိုက်အိမ် (၂) ထပ်၊ ကား၊ လယ် (၅) ဧကအထက်၊ ဆိုင်ကယ်၊ တောင်ယာ (၇) ဧကအထက်၊ နွား (၂၀) ကောင်အထက်၊ ဖုန်း၊ ကြက်၊ ဝက် | ၅ | ၄.၁ % |
| ခ | ပျဉ်ထောင်အိမ်၊ နွား (၅) ကောင်အောက်၊ [illegible]၊ ဆိုင်ကယ်၊ လယ် (၅) ဧက၊ ယာ (၅-၁၀) ဧက၊ ကြက်၊ ဝက် | ၅၇ | ၄၆.၇% |
| ဂ | သက်ကယ်အိမ်၊ အငှါးလိုက်၊ တစ်နေ့လုပ်တစ်နေ့စား၊ ကြက်၊ ဝက်၊ ဆိုင်ကယ် | ၆၀ | ၄၉.၂% |

## ဥစ္စာဓနအဆင့် သတ်မှတ်ချက် ၏သုံးသပ်ချက်

ဒေါ်ဆီးအီကျေးရွာ နှင့် ချယ်ရီကုန်းကျေးရွာ ရက်စွဲ။ ၁၇.၁၀.၂၀၁၇

ဒေါ်ဆီးအီကျေးရွာ နှင့် ချယ်ရီကုန်းကျေးရွာ ကျေးရွာအတွင်းရှိ အိမ်ထောင်စုများသည် လယ်/ယာ စိုက်ပျိုးရေး လုပ်ငန်း ကိုသာအဓိကထား လုပ်ကိုင် ကြပါသည်။ ဒေါ်ဆီးအီကျေးရွာသည် မြစိမ်းရောင်စီမံကိန်း၏ချေးငွေဖြင့်အချို့သောအိမ်ထောင်စုတို့သည် ကြက်မွေးမြူရေး နှင့် ဆိတ်မွေးမြူခြင်းတို့ကိုလည်း အ နည်းငယ်လုပ်ကိုင်လျှက်ရှိပါသည်။

အဆင့်(၁) အဆင်ပြေသောအုပ်စုတွင် တိုက်အိမ်(၂)ထပ်၊ ကား၊ လယ်(၅) ဧကအထက်၊ ဆိုင်ကယ်၊ တောင်ယာ(၇) ဧကအထက်၊ နွား(၂၀)ကောင်အထက်၊ ဖုန်း၊ ကြက်၊ ဝက် စသည်တို့ကို ပိုင်ဆိုင် ကြသည်။

အဆင့်(၂) အလယ်အလတ်အုပ်စုတွင်သွပ်မိုးပျဉ်ထောင်အိမ်၊ နွား(၅)ကောင်းအထက်၊ ခြံမြေ၊ ဆိုင်ကယ်၊ လယ်မြေ(၅)ဧက၊ ကြက်၊ ဝက် စသည်တို့ကို ပိုင်ဆိုင်ကြပါသည်။

အဆင့်(၃) အဆင်မပြေသောအုပ်စုတွင် ပျဉ်ထောင်သက်ကယ်အမိုးအိမ်၊ ကြက်၊ ဝက်၊ ကျပန်းအလုပ်၊ တစ်နေ့လုပ်တစ်နေ့စား စသည်အခြေအနေတွင်ရှိပါသည်။ အဆင်မ ပြေ သော အုပ်စုများသည် လယ်၊ ယာမြေများ မပိုင်ဆိုင်ရတာ့သည့်အကြောင့်မှာ စားဝတ်နေရေး၊ စီးပွားရေးအဆင်မပြေမှုကြောင့် ၄င်းတို့၏လယ်ယာမြေများ ရောင်းချလိုက်ရခြင်းကြောင့်ဖြစ်သည်။ ကျပန်းလုပ်ငန်းလုပ်ကိုင်ရာတွင် ကျေးရွာတွင်း လယ်၊ယာ လုပ်ငန်းများတွင်နေ့စားလိုက်ခြင်း၊ ပြင်ပသို့သစ်(လွှဆွဲ) ခြင်း၊ ထင်းရှူးဆီရှာခြင်း၊ ဝဥ နှင့် သစ်ခွ ပန်းများရှာဖွေခြင်း ဖြင့် အသက်မွေဝမ်းကြောင်းပြုလျှက်ရှိကြပါသည်။

**ပါဝင်ဆွေးနွေးသူ**

ကျား=၃၃ ဦး / မ=၂၆ ဦး

**ပံ့ပိုးကူညီသူ**

ဦးစိုးနေလင်း (လူထုစည်းရုံးရေးမှူး)

# ပင့်ကူအိမ်ဖြင့်သုံးသပ်ခြင်း


ကျေးရွာ - ဒေါ်ဆီးအိုးရှင်းချယ်ရီကုန်းကျေးရွာ

ရက်စွဲ -၁၇.၁၀.၂၀၁၇

ပူးပေါင်းပါဝင်သူဦးရေ

ကျား - ၃၃ ဦး

မ -၂၆ ဦး



## ပင့်ကူအိမ် ရေးဆွဲခြင်း ၏ သုံးသပ်ချက်

ဒေါ်ဆီးအီကျေးရွာ + ချယ်ရီကုန်းကျေးရွာ ရက်စွဲ၊ ၁၇.၁၀.၂၀၁၇

ပင့်ကူအိမ် သုံးသပ်ချက်သည် ကျေးရွာအတွင်းရှိ အမျိုးသမီးများ၏ အခြေအနေ၊ ဘဝရတည်မှု၊ လိုအပ်ချက်များပြည့်ဝမှု၊ အခွင့်အရေးများရရှိမှု နှင့် တရားမျှတမှု စသည့်အခြေအနေတို့ ကို အမျိုးသားများ နှင့် မျိုးသမီးများကြား ကွာဟနေသောခြားနားချက် တို့ ကိုသိရှိစေရန်ဖြစ်သည်။

ဒေါ်ဆီးအီကျေးရွာ နှင့် ချယ်ရီကုန်းကျေးရွာ တို့ ၏ပင့်ကူအိမ်သုံးသပ်ချက်တွင် ဦးဆောင်မှု၊ ပူးပေါင်းပါဝင်မှု၊ အမွေရပိုင်ခွင့်၊ အိမ်မှုကိစ္စ၊ ဝင်ငွေရရှိမှု၊ ပညာတတ်မြောက်မှု၊ ဆုံးဖြတ်ပိုင်ခွင့်၊ အလုပ်အကိုင်အခွင့်အလမ်း စသည်တို့ ကိုအခြေခံကာဖော်ထုတ်ရေးဆွဲထားပါသည်။ ဦးဆောင်မှု နှိုင်းယှဉ်ချက်တွင် အမျိုးသား (၉) နှင့် အမျိုးသမီး (၇) ၊ ပူးပေါင်းပါဝင်မှု တွင် အမျိုးသား (၉) နှင့် အမျိုးသမီး (၅) ၊ အမွေရပိုင်ခွင့်တွင် အမျိုးသား (၁၀) နှင့် အမျိုးသမီး (၁)၊ အိမ်မှုကိစ္စ တွင် အမျိုးသား (၅) နှင့် အမျိုးသမီး (၁၀)၊ ဝင်ငွေရရှိမှု တွင် အမျိုးသား (၉) နှင့် အမျိုးသမီး (၅)၊ ပညာတတ်မြောက်မှု တွင် အမျိုးသား (၅) နှင့် အမျိုးသမီး (၄)၊ ဆုံးဖြတ်ပိုင်ခွင့် တွင် အမျိုးသား (၆) နှင့် အမျိုးသမီး (၅) နှင့် အလုပ်အကိုင်အခွင့်အလမ်း တွင် အမျိုးသား (၇) နှင့် အမျိုးသမီး (၅) စသည်ဖြင့် မတူညီသည့်အဆင့်အသီးသီးတွင်တည်ရှိကြပါသည်။

နှိုင်းယှဉ်ဖော်ပြချက် (၈) ခုအနက် အမျိုးသမီးများ အမျိုသားများထက်ပိုသောအဆင်တစ်ဆင့်သာရှိပြီးထိုအဆင့်မှာ အိမ်မှုကိစ္စဆောင်ရွက်ခြင်းသာဖြစ်သည်ကိုတွေ့ ရပါသည်။ အမွေရပိုင်ခွင့် နှိုင်းယှဉ် မှုတွင် အမျိုးသမီးများ၏ အဆင့် မှာ အမျိုးသားများထက် များစွာ နိမ့် ကျနေသေးသည့်အနေအထားဖြစ်ပါသည်။ အကြောင်းမှာ ကယန်းလူမျိုး တို့ သည် ရှေးယခင် ဘိုးဘွားလက်ထဲကတည်းက အမျိုးသားတို့ ကို သာအမွေ ဆက်ခံစေခဲ့ပြီး အမျိုးသမီးတို့ ကိုမူ အမွေခံစားခွင့်မပေးပဲ နေလာရာမှ ယနေ့ တိုင် ထိုဓလေ့ကို ကျင့်သုံးနေကြသောကြောင့်ဖြစ်သည်။

ထို့ ကြောင့် ပင့်ကူအိမ်သုံးသပ်ခြင်း ဖော်ပြချက်ကို ကြည့်ခြင်းအား ဖြင့် ဒေါ်ဆီးအီကျေးရွာ နှင့် ချယ်ရီကုန်းကျေးရွာ ရှိ အမျိုးသား နှင့် အမျိုးသမီးတို့ ၏ လူမှုဘဝ ရပ်တည်မှုကွာဟချက် အခြေအနေ တို့ ကိုကောင်းစွာသိရှိနိုင်မည်ဖြစ်ပြီး အထူးသဖြင့်အမျိုးသမီးတို့ ၏ဘဝရပ်တည်မှု နိမ့်ကျနေသေးသည့်အခြေအနေမှ ပြန်လည်မြင့်တင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်းကိုလည်းသိရှိရမည်ဖြစ်သည်။

**ပါဝင်ဆွေးနွေးသူ** **ပံ့ပိုးကူညီသူ**

ကျား=၃၃ ဦး / မ=၂၆ ဦး ဦးစိုးနေလင်း (လူထုစည်းရုံးရေးမှူး)

# အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုပြဇယား

ကျေးရွာ - ဒေါ်ဆီးအိုနှင့်ချယ်ရီကျုံးကျေးရွာ

ရက်စွဲ - ၁၇.၁၀.၂၀၁၇

ဆွေးနွေးသူဦးရေ

ကျား - ၃၃ ဦး

မ - ၂၆ ဦး



## အဖွဲ့ အစည်းဆိုင်ရာချိတ်ဆက်မှုပြ ဇယားသုံးသပ်ချက်

ဒေါ်ဆီးအီကျေးရွာ + ချယ်ရီကုန်းကျေးရွာ ရက်စွဲ၊ ၁၇.၁၀.၂၀၁၇

ဒေါ်ဆီးအီကျေးရွာ + ချယ်ရီကုန်းကျေးရွာ အတွင်း အဖွဲ့ အစည်းဆိုင်ရာ ချိတ်ဆက် မှုပြ ဇယားကို ဖေါ်ထုပ်ရာတွင် ကျေးရွာကိုမည်မျှအကျိုးပြု လုပ်ငန်းများ ဆောင်ရွက် သည်၊ ကျေးရွာတွင်း မည်မျှသြဇာသက်ရောက်မှုရှိသည် နှင့် ကျေးရွာ တွင်း မည် မျှဆုံးဖြတ် ချက်ချ နိုင်ခွင့်ရှိသည် စသည်တို့ အပေါ် မူတည် ပြီး ဖော်ထုပ်ရေးဆွဲထားခြင်းဖြစ်သည်။

ဇယားဖော်ပြချက်အရ ကျေးရွာပြင်ပတွင်ရှိပြီး ကျေးရွာနှင့်ချိတ်ဆက်ဆောင်ရွက်မှုများရှိသောအဖွဲ့ များမှာ မြို့ နယ်အုပ်ချုပ်ရေးအဖွဲ့ ၊ကျေးလက်အဖွဲ့ နှင့် အုပ်စု အုပ်ချုပ်ရေးမှူးတို့ ဖြစ်ကြသည်။ ကျေးရွာတွင်းအဖွဲ့ များသည် ဘာသာရေးကိုအခြေခံကာဖွဲ့ စည်းထားသောအဖွဲ့ မှာအများဆုံးဖြစ်သည်။ ၄င်းတို့ မှာ အားနာသင်းအဖွဲ့ ၊ မယ်တော်သမီးအဖွဲ့ ၊ CA အသင်း၊ ကရုဏာအသင်း၊ တမန်းတောင်အဖွဲ့ ၊ သူငယ်တော်အသင်း၊ ကဒါကိုင်အသင်း တို့ ဖြစ်ကြသည်။ ဘာသာရေးကိုအခြေခံကာဖွဲ့ စည်းထားသော်လည်း ကျေးရွာတွင်းရှိ လူမှုရေး၊ နာရေးစသည့်ကျေးရွာတွင်းအကျိုးပြုလုပ်ငန်းများကို လည်းအတူတကွလုပ်ကိုင်ဆောင်ရွက်ကြပါသည်။

ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ၊ လူထုဗဟိုပြုစီမံကိန်းကော်မတီအဖွဲ့ ၊ ပန်းရံအဖွဲ့ ၊ မူကြိုကော်မတီအဖွဲ့ တို့ သည် အုပ်ချုပ်ရေးပိုင်းနှင့် လူမှုအကျိုးပြုလုပ်ငန်းတို့ ကိုဆောင်ရွက်ရန်ဖွဲ့ စည်းထားကြသည်။ ချယ်ရီကုန်းကျေးရွာဘက်တွင် အိမ်ခြေအားဖြင့် နည်းပြီး ကျေးရွာတွင်း ဖွဲ့ စည်းထားသောအဖွဲ့ ဟူ၍ မရှိပေ။ ဇယားတွင်ဖေါ်ပြထားသော စက်ဝိုင်း အရွယ်အစား အကြီး၊ အသေးမှာ ၎င်းအဖွဲ့ အ စည်း များ၏ ကျေး ရွာအတွင်း သြဇာသက်ရောက်မှု၊ ကျေးရွာအတွက်ကျိုး ပြုပေးနိုင်မှုနှင့် အရေးကြီးမှု တို့ ကိုကိုယ်စားပြုဖေါ် ပြထားခြင်းဖြစ်ပါသည်။

**ပါဝင်ဆွေးနွေးသူ** 

ကျား=၃၃ ဦး / မ=၂၆ ဦး

**ပံ့ပိုးကူညီသူ**

ဦးစိုးနေလင်း (လူထုစည်းရုံးရေးမှူး)

# ရာသီဥတုပြက္ခဒိန် ပြဇယား

ကျေးရွာ - ဧည်းပင်ဒိ + ချယ်ရီကုန်းကျေးရွာ
ရက်စွဲ - ၁၇.၁၀.၂၀၁၇

တွေ့ဆုံသူဦးရေ ကျ - ၃၃ ဦး
မ - ၂၆ ဦး

| စဉ် | အကြောင်းအရာ | ဇန်နဝါရီလ | ဖေဖော်ဝါရီလ | မတ်လ | ဧပြီလ | မေလ | ဇွန်လ | ဇူလိုင်လ | ဩဂုတ်လ | စက်တင်ဘာ | အောက်တိုဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | စိုက်ပျိုးရာသီ / ရိတ်သိမ်းရာသီ | | | | | ✓ | ✓✓✓ မိုးကျမြန် | ✓✓ | ✓✓ | ✓✓ | ✓ | ✓✓✓ ရိတ်သိမ်း | ✓✓ |
| ၂ | ထင်းခွေ | ✓✓✓ | ✓✓ | | | | | | | | | | |
| ၃ | ရေရှားပါးသော ကာလ | ✓ | ✓ | ✓✓ | ✓✓✓ | ✓✓ | | | | | | | |
| ၄ | ကျန်းမာရေး မကောင်းသော ကာလ | | ✓ | ✓✓ | ✓✓✓ | | | | | | | | |
| ၅ | မိုးများ ကာလ | | | | | | ✓ | ✓✓ | ✓✓✓ | ✓✓✓ | | | |
| ၆ | ဝင်ငွေရရှိသော ကာလ | ✓✓ | ✓✓ | ✓✓ | ✓✓ | ✓✓ | ✓ | | | | | | |
| ၇ | ပွဲတော် ကာလ | | | | ✓✓ | ✓✓ | | | | | | | |

## ရာသီခွင်ပြ ပြက္ခဒိန် ဇယား ၏သုံးသပ်ချက်

ဒေါ်ဆီးအီကျေးရွာ + ချယ်ရီကုန်းကျေးရွာ ရက်စွဲ၊ ၁၇.၁၀.၂၀၁၇

ဒေါ်ဆီးအီကျေးရွာ နှင့် ချယ်ရီကုန်းကျေးရွာ တို့ သည် အဓိကအားဖြင့် လယ်၊ယာ တို့ ကို သာအဓိကလုပ်ကိုင်စားသောက်ကြသောကျေးရွာဖြစ်သောကြောင့် မေလ မှ ဇွန်လ အထိ ထွန်ယက်စိုက်ပျိုးကြပြီး ဇူလိုင်လ မှ အောက်တိုဘာလအထိ ပေါင်းရှင်းခြင်းတို့ ကိုလုပ်ကိုင်ကြသည်။ ထို့နောက် ဒီဇင်ဘာလရောက်မှ ကောက်ပဲသီးနှံတို့ ကို ပြန်လည်ရိတ်သိမ်းလေ့ရှိကြသည်။ ကောက်ပဲသီးနှံများရိတ်သိမ်းပြီးချိန်တွင် ထမင်းဟင်းချက်ရန်လောက်စာအတွက်ထင်းခွေခြင်း ကို ဇန်နဝါရီလ နှင် ဖေဖော်ဝါရီလတို့ တွင် လုပ်ကိုင်ကြသည်။ သောက်သုံးရေအတွက်မိုးရေလှောင်ကန်တွင် မိုးရေစုဆောင်းကသောက်သုံးကြရသောကြောင့် နွေကာလဖြစ်သည့် မတ်လ မှ မေလ အထိသည် ကျေးရွာ၌ သောက်သုံးရေရှားပါးသောကာလများဖြစ်သည်။

နွေကာလသောက်သုံးရေရှားပါးလာမှုကြောင့် ကျေးရွာလည်တွင်ရှိသောကျွဲ၊ နွား သောက်၊ လူးသည့်ကန်တွင်သာသောက်သုံးရေအဖြစ်အသုံးပြုကြရသောကြောင့် ထိုကာလများတွင်လည်း ဝမ်းပျက်ဝမ်းလျှောအဖြစ်များဆုံးသောလများဖြစ်သည်။ မိုးများသည့်ကာလများမှာ ဇူလိုင်လ မှ စက်တင်ဘာလအထိဖြစ်သည်။ ကျေးရွာတွင်းရှိအမျိုးသားတို့ မှာ ဆန်စပါးရိတ်သိမ်းပြီးကာလ များ ၌ ပြင်ပသို့ အလုပ်အကိုင်သွားရောက်လုပ်ကိုင်ကြသောကြောင့် နွေကလသည် မိသားစုများဝင် ငွေကောင်းသောလများဖြစ်သည်။

ကျေးရွာတွင်းပွဲလမ်းသဘင်အနေဖြင့် မင်္ဂလာဆောင်ပွဲများကို ပွင့်လင်းရာသီတို့ တွင်အများဆုံးကျင်းပကြပြီး ကျန် ဘာသာရေးပွဲတို့ ကို ဒီဇင်ဘာလ၌ ခရစ်စမတ်ပွဲတော်များ၊ ဧပြီလ၌ တံခွန်တိုင်ပွဲတော်တို့ ကို ကျင်းပလေ့ရှိကြပါသည်။ အထူးသဖြင့်ချယ်ရီကုန်းကျေးရွာသည် တံခွန်တိုင် ကို ယုံကြည်ကြသောကြောင့် တံခွန်တိုင်ပွဲတော်ကို လက်ခံကျင်းပကြပါသည်။

ဒေါ်ဆီးအီကျေးရွာ နှင့် ချယ်ရီးကုန်းကျေးရွာများသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူထုနှင့်တွေ့ဆုံပွဲများ၊ သင်တန်းများ စသည်တို့ ကိုပြုလုပ်လိုလျှင် နွေကလများဖြစ်သည့် ဇန်နဝါရီလ မှ ဧပြီလ အထိသည် ကျေးရွာလူထုများက အချိန်ပိုပေးနိုင်မည်အနေအထားတွင်ရှိပါသည်။

**ပါဝင်ဆွေးနွေးသူ** **ပံ့ပိုးကူညီသူ**

ကျား=၃၃ ဦး / မ=၂၆ ဦး ဦးစိုးနေလင်း (လူထုစည်းရုံးရေးမှူး)

# ဒေါ်ဆီးအီကျေးရွာ နှင့် ချယ်ရီကုန်းကျေးရွာ၏ လူထုဗဟိုပြုစီမံကိန်း

## ကော်မတီဝင်စာရင်း

အုပ်စု။ လိုပူအုပ်စု　　　　　　　　　　　　　　　　ရက်စွဲ။ ၁၇.၁၀.၂၀၁၇

| စဉ် | ကော်မတီအမည် | ရာထူး | အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ | ဥက္ကဋ္ဌ | ဦးဂျိုးဇက် | |
| | | ။ | ဦးမာနွေးလယ် | |
| | | ။ | ဒေါ်မူစိုး | အုပ်စု စီထောက် |
| ၂။ | ဂယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးစားကမို | |
| | | အဖွဲ့ဝင် | ဦးသီးယူ | |
| | | ။ | ဒေါ်မာရိယာ | |
| ၃။ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်မူမိုင်း | |
| | | အဖွဲ့ဝင် | ဦးရှားနို | |
| | | ။ | ဒေါ်မူဒေး | |
| ၄။ | လည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးကော်မတီ | ခေါင်းဆောင် | ဒေါ်မူပိုင် | |
| | | အဖွဲ့ဝင် | ဦးဂေး | |
| | | ။ | ဒေါ်မူပလန် | |
| ၅။ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးနို | |
| ၆။ | ကျေးရွာ အကြံပြုတိုင်ကြားရေးကော်မတီ | အဖွဲ့ဝင် | ဦးအန်ဒြေးယာ | ၊ |
| | | ။ | ဒေါ်မူဒူ | အုပ်စုအကြံပြုအတွင်းရေးမှူး |
| ၇။ | ကျေးရွာ စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးမောင်ကျော် | |
| | | ။ | မထရေးဇာ | |

# (၂၀၁၇- ၁၈) ခုနှစ် လိုပုအုပ်စု ဒေါ်ဆီးအီကျေးရွာ နှင့် ချယ်ရီကုန်းကျေးရွာ၏ လူထုဗဟိုပြုစီမံကိန်း ကော်မတီဖွဲ့စည်းပုံ



# ဒေါဆီးအီကျေးရွာ နှင့် ချယ်ရီကုန်းကျေးရွာ၏ အစည်းအဝေးမှတ်တမ်းဓါတ်ပုံများ





## ဒေါ်ဆီးအီ နှင့် ချယ်ရီကုန်းကျေးရွာ ၏ အစည်းအဝေးမှတ်တမ်းဓါတ်ပုံများ





# ပုံစံ - ၁။ကျေးရွာအခြေခံအချက်အလက်များ (PC-1)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။*

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| [illegible] | | [illegible] |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား၊ မြို့နယ် ဒီမောဆို | ကျေးရွာအုပ်စု [illegible] | ကျေးရွာ ရှယ်ဒိုကုန်း |

ကး လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | ၈ | ဘာသာ (၁) [illegible] | ၈ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | - | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂ ဦး | | |
| စစ်ဘေးဖျောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)------ကယန်း------- | ၁၄ | ၁၆ |
| လူမျိုးစု (၂) ------------------------ | | |
| လူမျိုးစု (၃) ------------------------ | | |
| လူမျိုးစု (၄) ------------------------ | | |
| လူမျိုးစု (၅) ------------------------ | | |
| အိမ်ထောင်ဦးစီး | ၈ | |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☑ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်*<br>တံခွန်တိုင် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုပိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ပိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၃-၄/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၂၀--မိနစ် ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်----၂၅--မိနစ်------ ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------------------------------

(၂) ----------------------------------

ကျေးရွာခေါင်းဆောင်

အမည် [illegible]

လက်မှတ် နေ့စွဲ ၁၇.၁၀.၁၇

လူထုစည်းရုံးရေးမှူး

အမည် [illegible]

လက်မှတ် နေ့စွဲ ၁၇.၁၀.၁၇

## ပုံစံ - ၂။စီမံကိန်းစက်ဝန်းအချိန်ဇယား(PC-2)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - ၀-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးစိုးနေလင်း | | | |
| နေ့စွဲ 17.10.2017 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု လိုပျ | ကျေးရွာ ဒေါ်စီးအို+ချယ်ရီကုန်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 17.10.2017 | 17.10.2017 | 33 | 26 | 59 | ကယန်း ။ 59 |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 17.10.2017 | 17.10.2017 | 33 | 26 | 59 | ကယန်း ။ 59 |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 22.10.2017 | 22.10.2017 | 11 | 5 | 16 | ကယန်း ။ 16 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 6.12.2017 | 6.12.2017 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော် ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | ။ |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

# ပုံစံ - ၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(PC-3)



***ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်*** (Form PC 3)

***လမ်းညွှန်ချက်။*** *အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။*

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးဆိုးရှဲလင်း

| | | | |
|---|---|---|---|
| နေ့စွဲ 17.10.2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု လိုပျ | ကျေးရွာ ညှပ်သင်ဒိုကျင်း |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | အစည်းအဝေးလုပ်ရင် နေရာခက်ခဲ။ | ၁ | အိမ်သာမရှိ၍ အမျိုးသမီးများ ခက်ခဲခြင်း။ |
| ၂ | ရွာတွင်းသွားလာရခက်ခဲခြင်း။ | ၂ | ဆေးပေးခန်း မရှိ၍ ကျန်းမာရေး ခက်ခဲခြင်း။ |
| ၃ | အားကစားကွင်း မရှိခြင်း။ | ၃ | ရွာတွင်းလမ်း မကောင်း၍ သွားလာရခက်ခဲခြင်း။ |
| ၄ | စိုက်ပျိုးရေး အသိပညာအားနည်း။ | ၄ | စိုက်ပျိုးရေး အသိပညာအားနည်းခြင်း။ |
| ၅ | လျှပ်စစ်မီး မရသည့် အခက်အခဲ။ | ၅ | လျှပ်စစ်မီး မရသည့် အခက်အခဲ။ |

**ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျှာထားချက်များအား တင်ပြပါ။**

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကျေးရွာခန်းမဆောင် ရှိလာမည်။ | ၁ | ကျေးရွာပိုင် အိမ်သာ ရရှိလာမည်။ |
| ၂ | ရွာတွင်းလမ်းများ ကောင်းလာမည်။ | ၂ | ဆေးခန်း နှင့် ဆေး ဆရာ/မ များ ရှိလာမည်။ |
| ၃ | အားကစားကွင်း ရှိလာမည်။ | ၃ | ရွာတွင်းလမ်း ကောင်း လာမည်။ |
| ၄ | စိုက်ပျိုးရေး အသိပညာအား ကောင်းလာမည်။ | ၄ | စိုက်ပျိုးရေး အသိပညာ ကောင်းလာမည်။ |
| ၅ | လျှပ်စစ်မီး ရရှိလာမည်။ | ၅ | လျှပ်စစ်မီး ရရှိလာမည်။ |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ကျေးရွာခန်းမဆောင် | ကျား+မ | - | ၃၀ |
| ၂ | လျှပ်စစ်မီး | " | - | " |
| ၃ | အိမ်သာ | " | - | " |
| ၄ | အားကစားကွင်း | " | - | " |
| ၅ | | | | |

**ဃ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး အသိပညာ | ကျား + မ | စိုက်ပျိုးရေး |
| | ပေးခြင်း | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦး [illegible] လက်မှတ် [signature] နေ့စွဲ ၁၇-၁၀-၂၀၁၇

# နောက်ဆက်တွဲ(၄)၊ခြားနားသောအပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | [illegible] | ☑ မ<br>☑ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | [illegible] | ☑ မ<br>☑ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အခြား | ၁ | | ☐မ ☐ကျား | | |
| | ၂ | ကျွမ်ဆန်ဖိုး | ☑မ ☑ကျား | | |
| | ၃ | ဆန်ဆက် | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |

<u>**ပထမအကြိမ် နှင့် ဒုတိယအကြိမ်ကျေးရွာ အစည်းဝေး မှတ်တမ်း**</u>

**ကျေးရွာ** = ဒေါ်ဆီးအီကျေးရွာ **နေ့စွဲ။** ။ ၁၇.၁၀.၂၀၁၇

**အုပ်စု** = လိုပူအုပ်စု **အချိန်။** ။ နံနက် ၁၀:၃၀ မှ ညနေ ၃:၀၀

**နေရာ** = ဒေါ်ဆီးအီကက်သလစ်ဝမ္မာရုံ **တက်ရောက်သူဦးရေ=**ကျား-၃၃ဦး/မ-၂၆ဦး

**အစည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက် -** လူထုဗဟိုပြုစီမံကိန်း အကြောင်းမိတ်ဆက်ခြင်း၊ ကျေးရွာ လူမှုဆန်းစစ်ခြင်း (PRA Tools) ပြန်လည် အတည်ပြုခြင်း၊ ကော်မတီဝင် များပြန်လည်ရွေးချယ်အတည်ပြု ခြင်း နှင့် ကျေးရွာ၏ အခက်အခဲ၊ပြဿနာ၊ ကျေးရွာ၏မျှော်မှန်းချက် နှင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်း များဖော်ထုပ်ခြင်း။

အစည်းအဝေးအစီအစဉ် (၁) အရတက်ရောက်သူဦးရေစာရင်းကို ကောက်ယူရာ အမျိုးသား (၃၃)ဦး နှင့် အမျိုးသမီး(၂၆)ဦး တို့တက်ရောက်ကြပါသည်။ အစည်းအဝေးအစီအစဉ် (၂)အရ ကျေးရွာ အုပ် ချုပ်ရေးမှူးကိုယ်စား ကျေးရွာစီ/ထောက်ဥက္ကဌ ဦးဂျိုးစက် မှအမှာစကားပြော ကြားရာတွင် ကျေးရွာ သူ/သားများ ယခုလိုတက် ရောက်လာပေးကြသည့်အတွက်ဂမ်းသာကြောင်း၊ ဒုတိယနှစ်စီမံကိန်း အုပ်စုအစည်းအဝေး၏ဆုံးဖြတ်ထားချက်အရ ယခုတတိယနှစ်စက်ဂန်းတွင် မိမိတို့ကျေးရွာတွင် စီမံကိန်း ဆောင်ရွက်ခွင့်ရရှိမည်မဟုတ်ကြောင်း၊ ထို့ကြောင့်ယနေ့ ကျင်းပမည့် လူထုဗဟိုပြုစီမံကိန်း ၏ ပထမ အကြိမ် နှင့် ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးတို့ကို တစ်ရက်တည်း အပြီး ပြတ် ကျင်းပသွားမည် ဖြစ်ကြောင်း၊ ယခုအစည်းဝေးတွင်လည်း စလယ်ဆုံးတက်ကြွ စွာ ပူး ပေါင်း ပါဂင်ပေးစေလို ကြောင်း စသည်ဖြင့် အမှာစကားပြော ကြားပေး ခဲ့ပါသည်။

အစည်းအဝေးအစီအစဉ် (၃)အရ လူထုဗဟိုပြု စီမံကိန်း အကြောင်း မိတ်ဆက်ခြင်းနှင့် အစီအစဉ် (၄) ဖြစ်သည့် စီမံကိန်းစက်ဂန်းအကြောင်း တို့ကို TF ဆရာမ ဒေါ်ကျော့ကေခိုင်မှ ရှင်းလင်းရာတွင် စီမံကိန်းကို စိုက်ပျိုးရေး၊မွေးမြူရေး နှင့် ဆည်းမြောင်းဂန်းကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တို့မှဦးဆောင်အကောင် အထည်းဖော်နေ ခြင်း ဖြစ်ကြောင်း၊ ထောက်ပံ့ငွေများကို ကမ္ဘာ့ဘဏ် မှချေးငွေဖြင့်ရရှိကြောင်း၊ ကျေးလက်နေပြည်သူများ၏ အခြေခံအဆောက်အအုံများကို လူထုချဉ်းကပ်မှု ဖြင့်ရယူသုံးစွဲနိုင်စေရန်၊ အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ စွမ်းဆောင်ရည်တို းတက်စေရန်၊ အရေး ပေါ်အခြေအနေများတွင်လျင်မြန်စွာတုန့်ပြန်နိုင်စေရန် စသည့်ရည်ရွယ်ချက်တို့ဖြင့် ဆောင်ရွက် ပါ ကြောင်း

ရှင်းလင်းပေးခဲ့ပါသည်။ စီမံကိန်းစက်ဝန်းကို အပိုင်း(၆)ပိုင်း နှင့် အဆင့်(၁၄) ဆင့် ဟူ၍ခွဲခြား သတ်မှတ်ပြီးဆောင်ရွက်နေပါကြောင်းကိုလည်း ရှင်းလင်းတင်ပြပေးခဲ့ပါသည်။

ဆက်လက်ပြီး အစီအစဉ်အရ လူမှုဆန်းစစ်ခြင်း (PRA) ဆက်လက်ဆွေးနွေး မည် ဖြစ်ကြောင်း CF ဆရာဦးစိုးနေလင်း မှပြောကြား ရာတွင် တက်ရောက်လာကြသော ကော် မတီဝင်များနှင့် လူထုတို့က (PRA) တို့ကိုပြုလုပ်ထားသည်မှာ (၈.၁.၂၀၁၇) တွင်ဖြစ်၍ မည်မျှပင်မကြာသေးကြောင်း၊ မိမိတို့အနေဖြင့် ကျေးရွာ၏ အခက်အခဲ၊ပြဿနာ၊ ကျေးရွာ ၏မျှော်မှန်းချက် နှင့် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်း တို့ကိုသာပြန်လည်ဆွေးနွေးစေလိုကြောင်း တင် ပြလာသောကြောင့်ကျေးရွာ၏ အခက်အခဲ၊ ပြဿနာ၊ ကျေးရွာ၏မျှော်မှန်းချက် နှင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ် ငန်းတို့ကိုသာပြန်လည်ဆွေးနွေး ရွေးချယ်ခြင်းတို့ကိုသာပြန်လည်ပြုလုပ်ကြပါသည်။

ဒေါဆီးအီကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းတို့မှာ ဦးစားပေးအဆင့်(၁) ခန်းမဆောင် ဆောက် လုပ်ခြင်း (၂) ကျောက်ချောလမ်းခင်းခြင်း (၃)အားကစားကွင်းပြုပြင်ခြင်း (၄) ရေပိုက်ပြုပြင်ခြင်း နှင့် (၅) ကျေးရွာပိုင်ဆန်စက် တည်ဆောက်ခြင်း တို့ဖြစ်ကြပါသည်။

ဆက်လက်ပြီးကော်မတီဝင်များပြန်လည်ဖွဲ့စည်းနိုင်ရန်အတွက် ဦးစွာကော်မတီဝင်များ၏ တာဝန် ဝတ္တရားအကြောင်းတို့ကိုရှင်းလင်းပေးပြီး ကော်မတီတစ်ဖွဲ့ချင်းစီကိုပြန်လည် ရွေးချယ်အတည် ပြုခြင်း တို့ကိုဆက်လက်ပြုလုပ်ကြပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ယခင် ကော်မတီဝင်များနေရာတွင် ခရီး ရှည်ထွက်ခြင်း၊ ကျေးရွာပြောင်းရွှေ့နေထိုင်ကြသောသူများ၏ နေရာများတွင်သာပြန်လည်ရွေးချယ်ခဲ့ကြ ပြီး ကျေးရွာတွင်းရှိသောသူများကို ကော်မတီဝင်အဖြစ် ဆက်လက်ထားရှိရန် သဘောတူညီမှုများဖြင့် ဆက် လက်ထားရှိစေခဲ့ပါသည်။ ထို့နောက် ပြန်လည်ဖွဲ့စည်းထားသောကော်မတီဝင်များအား $HR_2$ နှင့် COC လက်မှတ် ရေးထိုးခြင်း အစီအစဉ်ကို ပြုလုပ်ခဲ့ပါသည်။

နိဂုံးချုပ်အနေဖြင့် ကျေးရွာ စီ/ထောက်ဥက္ကဌ မှ ကျေးဇူးတင်အမှာစကားပြောကြား၊ ကော်မတီဝင် များအား မှတ်တမ်းဓါတ်ပုံရိုက် ခြင်းတို့ကိုဆောင်ရွက်ပြီး အစည်း အဝေးအစီ အစဉ်ကို ညနေ (၃း၀၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

**မှတ်တမ်းတင်သူ**

**ဦးစိုးနေလင်း**

**(လူထုစည်းရုံးရေးမှူး)**

# လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်/အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ (Socila map/ Resources Map) | ၂၀၁၇.၁၀.၂၀ | ရပ်မိရက်ဖ၊ကော်မတီဝင်၊ ကျေးရွာလူထုများအားလုံး | ၃၃ | ၂၆ | ၅၉ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဉီများ၊လုပ်ပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေများ၊ရေထွက်ပေါက်၊ ရေလှောင်ကန်၊သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | ၂၀၁၇.၁၀.၂၀ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါး၊ | ၃၃ | ၂၆ | ၅၉ | ကျေးရွာလူမှုစီးပွားရေးကိုအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ရန်အများလူထုသဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာကဏ္ဍ (Access Mapping) | ၂၀၁၇.၁၀.၂၀ | ကျေးရွာအတွင်းရှိအမျိုးသားနှင့်အမျိုးသမီးများ | ၃၃ | ၂၆ | ၅၉ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ပိုင်ဆိုင်မှု၊အခြေခံအဆောက်အဦးစသောလုပ်ငန်းများကိုဘယ်သူတွေကအသုံးပြု၊ထိမ်းချုပ်နေသလဲဆိုတာကိုဆွေးနွေးမှုများပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၀၁၇.၁၀.၂၀ | အမျိုးသားများနှင့်အမျိုးသမီးများ၊ကျေးရွာလူထု | ၃၃ | ၂၆ | ၅၉ | အမျိုးသားများနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၂၀၁၇.၁၀.၂၀ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာစီထောက်အဖွဲ့၊ ကျေးရွာလူထု | ၃၃ | ၂၆ | ၅၉ | ကျေးရွာအတွင်းရှိအဖွဲ့အစည်းများနှင့်မည်သို့သောလုပ်ငန်းများအတွက်မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |
| ၆ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၂၀၁၇.၁၀.၂၀ | ကော်မတီဝင်များ၊ အမျိုးသမီး/သားဆင်းရဲနွမ်းပါးသူ | ၃၃ | ၂၆ | ၅၉ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ (အရောင်းအဝယ်) ၊ပွဲတော်ချိန်၊မိုးများကာလ၊ကျန်းမာရေးဆိုးကာလ၊ဝင်ငွေအကောင်းဆုံးကာလ၊အလုပ်ပါးကာလ၊ရေရှားကာလ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၇ | အခက်အခဲ/ပြဿနာ (Problem) | ၂၀၁၈.၁၀.၂၀ | အမျိုးသမီး/သား၊ လူထုအားလုံး | ၃၃ | ၂၆ | ၅၉ | ငွေကြေးအရင်းအနှီးမရှိ၊လမ်းပန်းဆက်သွယ်ရေး၊မီးလင်းရေး ရေလုံလောက်မှုမရှိဖုန်းဆက်သွယ်ရေး၊ကျန်းမာရေး၊ပညာရေး၊စီးပွားရေး၊စည်းလုံးခြင်းမရှိ။ |
| ၈ | ကျေးရွာ၏( ၄ )နှစ်စာမျှော်မှန်းချက်များ (Village visions) | ၂၀၁၈.၁၀.၂၀ | ကျေးရွာလူထုအားလုံး | ၃၃ | ၂၆ | ၅၉ | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊ပညာရေး၊လူမှုရေး၊ကျန်းမာရေး၊ဘာသာရေးပိုမိုကောင်းမွန်လာ၊ကျေးရွာစည်းလုံးခြင်းပိုမိုကောင်းမွန်လာ၊စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ (Village Approve Vision) | ၂၀၁၈.၁၀.၂၀ | ရွာလူထုအားလုံး | ၃၃ | ၂၆ | ၅၉ | လမ်း(ကတ္တရာ)၊မီး(လျှပ်စစ်မီး)၊ ခန်းမဆောင်၊ရေလှောင်ကန်၊ ရေငုတ်/ပိုက်၊စာသင်ကျောင်းတိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေးလုပ်ငန်းစဉ်များ (Village Object Vision) | ၂၀၁၈.၁၀.၂၀ | ရွာလူထုအားလုံး | ၃၃ | ၂၆ | ၅၉ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အဆင့်သတ်မှတ်ခြင်း၊တိုင်းတာခြင်း၊ခန့်မှန်းကုန်ကျငွေတွက်ချက်ခြင်း၊အကျိုးခံစားခွင့်ရှိသူလူဦးရေ |
| ၁၁ | ကျေးရွာသမိုင်းအကျဉ်းချုပ် (Village History) | ၂၀၁၈.၁၀.၂၀ | အမျိုးသမီး/သား၊လူထုအားလုံး | ၃၃ | ၂၆ | ၅၉ | ကျေးရွာစတင်တည်ထောင်သည့်ခုနှစ်၊အိမ်ခြေ၊လူဦးရေ၊လူမျိုး၊ဘာသာစသောကျေးရွာသမိုင်းအချက်အလက်အဆင့်ဆင့်များကိုဖော်ထုတ်ခြင်း |